၂ – ဆရာဝန်ထံ ပြသခြင်း

အထွေထွေရောဂါကု ဆရာဝန်များ

- ဩစတြေးလျားနိုင်ငံတွင် များသောအားဖြင့် ကျန်းမာရေးချုတ်ယွင်းမှုရှိလျှင် သို့မဟုတ် ဆေးစစ်ရန်လိုအပ်လျှင် မိသားစု ဆရာဝန်ထံ သွားကြသည်။ မိသားစုဆရာဝန်များကို 'ရပ်ကွက်အတွင် ဆေးခန်းဖွင့်ကုသသော အထွေထွေရောဂါကု ဆရာဝန်များ' (GP) ဟုခေါ်ကြသည်။
- မိသားစုဆရာဝန်များသည် သင်၏ကိုယ်ခန္ဓာကျန်းမာရေး အထွေထွေကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ကု သပေးသည်။ အရေးပေါ်ကိစ္စမှလွဲလျှင် အများအားဖြင့် သူတို့ထံသို့သာ သွားကြသည်။
- မိသားစုဆရာဝန်များက သင်ဆေးစစ်ရန်လို/ မလို၊ အထူးကုဆရာဝန်နှင့်တွေ့ရန်လိုအပ်/ မလိုအပ်၊ ဆေးရုံသွားရန် လို/ မလို သို့မဟုတ် သင့်ကျန်းမာရေးလိုအပ်ချက်ကို မိမိကိုယ်တိုင် တိုက်ရိုက်ကုနိုင်/ မကုနိုင် ဆုံးဖြတ်လိမ့်မည်။
- မိသားစုဆရာဝန်များသည် 'ဆေးကုသခန်း' သို့မဟုတ် 'ခွဲစိတ်ကုသခန်း' ဟုခေါ်သော ရုံးခန်းငယ် သို့မဟုတ် ဆေးခန်းငယ် များတွင် အလုပ်လုပ်ကြသည်။ များသောအားဖြင့် ၎င်းတို့သည် တနင်္လာနေ့ မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်သည်၊ အချို့မှာ အချိန်ပိုဖွင့်သည်၊ စနေ၊ တနင်္ဂနွေလည်းဖွင့်သည်။ နေ့စဉ် ၂၄ နာရီဖွင့်သူ အလွန်နည်းသည်။
- သင်သည် မိသားစုဆရာဝန်ကို လွတ်လပ်စွာရွေးနိုင်သည်။ သင့် အနေနှင့် မိသားစုဆရာဝန်နှင့် စိတ်တိုင်းကျဖို့လိုပါသည်။ စိတ်တိုင်း မကျပါက နောက်ထပ်တစ်ဦး လွတ်လပ်စွာရွေးခွင့်ရှိသည်။
- သင့်ဘာသာစကားပြောသော၊ သို့မဟုတ် စကားပြန်သုံးတတ်သော မိသားစုဆရာဝန်တစ်ဦးကို ထောက်ခံ အကြံဉာဏ်ပေးရန် မိတ်ဆွေ များ၊ ဆွေမျိုးများ သို့မဟုတ်မိမိလူမျိုးစုထဲမှ အခြားသူများကို မေး သင့်သည်။ တနည်းအားဖြင့် စာမျက်နှာအဝါရောင် တယ်လီဖုန်း လမ်းညွှန်ထဲမှ 'medical practitioners' ခေါင်းစဉ် အောက်တွင် ရှာပါ။

ဆရာဝန်နှင့်တွေ့ရန် ချိန်းဆိုခြင်းများ

- ရက်ချိန်းကို စောစီးစွာပြုလုပ်ပါ။
- ရက်ချိန်းများသည် အများအားဖြင့် အချိန်တို ဖြစ်သည်။ (၁၀ - ၁၅ မိနစ်ခန့်သာ) သို့သော် သင်လိုအပ်ပါက အချိန်ကြာကြာလိုကြောင်း ရက်ချိန်းတောင်းရာတွင် ပြောထားပါ။
- ရက်ချိန်းတောင်း မထားပါက သင့်အားပြန်ခိုင်းမည်။ သို့ မဟုတ် သင် အချိန်ကြာမြင့်စွာစောင့်ရန် လိုအပ်မည်။
- ရက်ချိန်း တစ်ခုစီသည် လူတစ်ဦးစီအတွက် သာ ဖြစ် သည်။
- အကယ်၍ ရက်ချိန်းကိုမလာနိုင်ပါက ဆရာဝန်ထံ သင် မလာနိုင်ကြောင်း ဆက်သွယ်ပြောကြား သင့်သည်။
- ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးရမည့်အချက်များကို ကြိုတင်ရေးသားယူလာခြင်းအားဖြင့် အများဆုံး အကျိုးရှိနိုင်ပါသည်။
- ဆရာဝန်ကို တိုင်းရင်းဆေးများ၊ ဗီတာမင်များ၊ ဘယ ဆေးများ အပါအဝင် သင်သုံးနေကျ ဆေးအားလုံးကို ပြောပြပါ။
- သင် လက်ရှိသုံးနေသော ဆေးအားလုံးကို ဆရာဝန်ထံ ပြသရန် ယူလာပါ။

ဆရာဝန်အားငွေပေးခြေခြင်း

- အချို့ဆရာဝန်များမှာ 'အစိုးရထံမှ သတ်မှတ်နှုန်းဖြင့်ငွေတိုက်ရိုက်ထုတ်ခြင်း' လုပ်သည်။ အဓိပ္ပါယ်မှာ အစိုးရက ဆရာဝန် ထံသို့ မက်ဒီကဲ့ မှတစ်ဆင့် ကုသခ တိုက်ရိုက်ပေးသည့်ဖြစ်၍ သင့်အတွက် အခမဲ့ကုခြင်းဖြစ်သည်။
- အကယ်၍ သင်၏ဆရာဝန်က အစိုးရထံမှ သတ်မှတ်နှုန်းဖြင့်ငွေတိုက်ရိုက်ထုတ်ခြင်း မပြုလုပ်ပါက သင်သည် ဆရာဝန်ကို ငွေပေးခြေပြီး ဆရာဝန်ထံမှ ငွေလက်ခံဖြတ်ပိုင်းနှင့်အတူ မက်ဒီကဲ့မှ ငွေ တစ်စိတ်တစ်ဒေသ ထုတ်ယူနိုင်သည်။ အဓိပ္ပါယ်မှာ သင်သည် ကွာခြားချက်ကိုသာ ပေးရန်လိုအပ်သည်။
- သင့်ထံတွင် မက်ဒီကဲကဒ် ရှိမှသာလျှင် သင့်အနေနှင့် မက်ဒီကဲမှ ငွေထုတ်ယူခြင်း သို့မဟုတ် ဆရာဝန်အား အစိုးရထံမှ ငွေ တိုက်ရိုက်ထုတ်ယူစေခြင်းပြုနိုင်သည်။ မက်ဒီကဲကဒ် ရရှိရန်လိုအပ်ချက်များ၊ ပြည့်စုံရမည့်အချက်များနှင့် အခကြေးငွေ ဆိုင်ရာ အချက်များကို သိလိုပါက 13 20 11 ကို ဆက်ပါ သို့မဟုတ် http://www.medicareaustralia.gov.au/ တွင် ကြည့်ပါ။

ဤအချက်အလက်များ စာစောင်သည် စုစုပေါင်း ၁၀ခုရှိသောအစီအစဉ်ထဲမှ တစ်ခုဖြစ်သည်။ အပြည့်အစုံမှာ

၁ ကွင်းစလန်ပြည်နယ်ကျန်းမာရေးစနစ
၂ ဆရာဝန်ထံပြသခြင်း
၃ ဆေးဝါးများ
၄ ကွင်းစလန်ပြည်နယ်ဆေးရုံများ
၅ ရပ်ကွက်အလိုက် ဆေးကုသရာနေရာများ
၆ သွားဘက်ဆိုင်ရာ ဝန်ဆောင်မှုများ
၇ အထောက်အကူပြု ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ
၈ ကျန်းမာစွာနေခြင်းနှင့်ရောဂါကာကွယ်ခြင်း
၉ သီးခြားအဖွဲ့အစည်းများအတွက် ကျန်းမာရေးနှင့်အထောက်အပံ့ဝန်ဆောင်မှုများ၊
၁၀ သင်နှင့် ကျန်းမာရေးဝန်ဆောင်မှုစနစ်